# CrossCheck

BURMESE - PROOF COPY

CrossCheck by Paul Adams
www.crosscheck.org.uk

Copyright © 1992, 1997, 2000, 2007, 2010, 2015, 2016, 2019, 2020, 2021 Paul Adams

Translated by:
Rev. Peter Sei Hao Mang, Rev. Saw Khalay Saw, Rev. Reginald Bennet of Holy Trinity Cathedral Yangon and Rev. Bewin Law Duh Lian - Dean and Registrar at Chin Christian institute of Theology.

Design and typesetting by Ben Desmond
www.bendesmond.com

First published in 2008 by **BeaconLight**
books@beaconlight.info
www.beaconlight.info

ISBN 978-1-906526-26-9

Scripture quoted from the Holy Bible translated into Burmese from the original tongues by Rev. A Judson DD: in the public domain.

BeaconLight
biblical truth to share

mmr-21v1

# စိတ်ချသေချာရန် ပြန်လည်စစ်ဆေးခြင်းမှ ကြိုဆိုပါ၏

လူမျိုးအားလုံးက ထာဝရဘုရားကို ရှာဖွေတွေ့ရှိချင် ကြပါလိမ့်မယ်။

ပျော်ရွှင်မှု၊ လုပ်ရှားဆောင်ရွက်မှုနဲ့ အောင်မြင်မှုတွေအားလုံး ရှိစေကာမူ (အချို့သောစိတ်ထိခိုက်မှုများ)၊ လူအများစုက ဘဝမှာ "ဒီထက်ပိုသောအရာ တစ်ခုခု" ရှိကိုရှိရမယ်လို့ ခံစားမိကြတယ်။ ထာဝရဘုရားကို မိတ်ဆွေတစ်ဦးအဖြစ် သိခြင်းဟာ အံ့ဩဖွယ်ရာ ဖြစ်ပါလိမ့်မယ်။ အကယ်၍ အဲသလို ဖြစ်နိုင်ခဲ့တယ် ဆိုရင်ပေါ့။

သတင်းကောင်းဆိုတာက ထာဝရဘုရားသခင်ကို သင်သိနိုင်တယ်ဆိုတာပါပဲ။ သူ့ရဲ့ချစ်ခြင်းမေတ္တာ၊ သူ့ရဲ့ခွင့်လွှတ်ခြင်းနှင့်၊ သူ့ရဲ့ငြိမ်သက်ခြင်းကို သင်တွေ့ကြုံခံစားနိုင်ပါတယ်။ အဲ့ဒါတွေဖြစ်နိုင်ရုံမကဘူး၊ ထာဝရဘုရားက သင့်ကိုသူနဲ့အတူ မိတ်ဖွဲ့စေလိုပါတယ်။ ပြီးတော့ အဲ့ဒီမိတ်ဖွဲ့မှုကို ဘယ်လိုလုပ်ရမလဲဆိုတာကို ဖော်ပြပေးပါလိမ့်မယ်။

စိတ်ချသေချာရန် ပြန်လည်စစ်ဆေးခြင်းဟာ ယေရှုကတဆင့် ထာဝရဘုရားနဲ့ ဆက်ဆံရေးတစ်ခုကို သင်ဘာကြောင့် ရှာဖွေနိုင်သလဲဆိုတာနဲ့ ဘယ်လိုတွေ့မြင်နိုင်သလဲဆိုတဲ့ လွယ်ကူတဲ့နည်းလမ်းတစ်ခု ဖြစ်တယ်။

လူအများက ဒီရှင်းလင်းချက်ဟာ အထောက်အကူဖြစ်တာကို တွေ့ရှိကြပြီး သခင်ယေရှုကိုလည်း သက်ဝင်ယုံကြည်လာကြတယ်။

ထာဝရဘုရားက သာမန်ထက်ထူးကဲတဲ့ ဘဝဆိုတာရှိတယ်လို့ဆိုပါတယ်။ ပြီးတော့ အဲ့ဒါကိုလည်း သင့်ကိုရရှိစေလိုပါတယ်။

ဒီစာစောင်ရဲ့ပထမတစ်ဝက်က ဇာတ်ကြောင်းကို ပြောပြပါမယ်။

ဒုတိယတစ်ဝက်က ထာဝရဘုရားနှင့်အတူ သင်ရှိတဲ့နေရာကို သိဖို့ရန် ကူညီပါမယ်။

စိတ်နှလုံးကိုဖွင့်ပြီး ဒီစိတ်ချသေချာရန်ပြန်လည်စစ်ဆေးခြင်း စာစောင်ငယ်ကို ဖတ်ကြည့်ရအောင်။

# တစ်

ထာဝရဘုရားသည် အုပ်စိုးသူဖြစ်ပါတယ်။ သူက သရဖူကိုဆောင်းထားတယ်။ သူ့မှာ တန်ခိုးတော်အလုံးစုံနဲ့ အခွင့်အာဏာအားလုံးရှိတယ်။ နှုတ်တော်ထွက်နဲ့ပဲ အရာခပ်သိမ်းကို ဖြစ်စေနိုင်တယ်။

ဘာမှမရှိတဲ့အထဲကို သူနှုတ်မြွက်ခဲ့ပြီး၊ နေ၊ လ၊ ကြယ်များ၊ ကမ္ဘာမြေကြီးနဲ့ ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ပါတယ်။ လူယောကျ်ားနှင့် လူမိန်းမတို့က အဲဒီအရာတွေကို ထာဝရဘုရားအတွက် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဒီကမ္ဘာပေါ်မှာ ရှိနေဖို့ ရန်ဖြစ်တယ်။

ထာဝရဘုရားက လူတွေကိုဖန်းဆင်းခဲ့တဲ့အချိန်မှာ သူနဲ့လူအကြားမှာ ဆက်သွယ်မှုလမ်းကြောင်းပွင့်နေခဲ့တယ်။ ထာဝရဘုရားက သူ့ကိုလူတွေသိစေချင်ခဲ့တယ်။

ထာဝရဘုရားက ကမ္ဘာလောကကြီးကို ဘယ်လိုကြည့်ရှုထိန်းသိမ်းရမလဲဆိုတာရယ်၊ ကမ္ဘာလောကကြီးနဲ့ လူတို့ရဲ့ ဆက်နွယ်မှုကိုလည်း ပြောပြခဲ့တယ်။ အရေးကြီးဆုံးမှာ ထာဝရဘုရားက လူတွေကို အစေတော်ခံများဖြစ်ဖို့ရန်သာ မဟုတ်ဘဲ သူ့ရဲ့မိတ်ဆွေစစ်များအဖြစ် ဖန်ဆင်းခဲ့တယ်။

ထာဝရဘုရားသည် လူယောကျ်ား၊ လူမိန်းမအပါအဝင် သူဖန်ဆင်းခဲ့ သမျှအားလုံးကို ကြည့်ရှုပြီး "အလွန်ကောင်း ပေသည်" ဟု မြွက်ဆိုခဲ့ပါတယ်။

ဒါကြောင့်မို့ ကမ္ဘာဦးကျမ်း အခန်းကြီး (၁)၊ အခန်းငယ် (၂၆ – ၂၇)ကို ဖတ်တဲ့အခါမှာ ထာဝရဘုရားရဲ့ စကြာဝဠာထဲမှာ ကျွန်ုပ်တို့က အထူးအခန်းကဏ္ဍမှာ ရှိနေတာကို သင်မြင်တွေ့ရမှာ ဖြစ်ပါတယ်။

**ကမ္ဘာဦးကျမ်း ၁ : ၂၆ –၂၇**
၂၆ တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်
နှင့်တစ်ညီ၊ တစ်သဏ္ဍာန်တည်း လူကို
ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့
ကိုငင်း၊ မိုးကောင်းကင် ငှက်တို့ကိုငင်း၊
သားယဉ်တို့ကိုငင်း၊ မြေတစ်ပြင်လုံးနှင့်
တကွ၊ မြေပေါ်မှာ တွားတတ်သော
တိရစ္ဆာန် အပေါင်းတို့ကိုငင်း၊ အုပ်စိုးစေ
ဟု အမိန့်တော်ရှိ၏။
၂၇ ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်
နှင့်အညီ လူကိုဖန်းဆင်းတော်မူ၏။
ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူ
ယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်။



# နှစ်

ထာဝရဘုရားဟာ အုပ်စိုးသူဖြစ်လို့ စည်းမျဉ်း၊ စည်းကမ်းတွေကို ချမှတ်ပါတယ်။ ဒါပေမယ့် လူတွေက အဲ့ဒီစည်းမျဉ်း၊ စည်းကမ်းတွေကို သဘောမတူခဲ့ကြတော့ဘူး "မဟုတ်ဘူး ဒီကမ္ဘာကြီးကို ငါ့ရွေးချယ်မှုနဲ့ဘဲ ငါ့စိတ်ကြိုက်လုပ်ချင်တယ်။ ငါ့ရဲ့နည်းလမ်းနဲ့ အားလုံးကိုလုပ်မယ်။ ငါဘဲ စီမံအုပ်ချုပ်သူဖြစ်ချင်တယ်" လို့ ဆိုလာပါတယ်။

ဒီလိုစိတ်ဆန္ဒသဘောထားဟာ ကမ္ဘာကြီးထဲမှာ အကြီးမားဆုံးပြဿနာဖြစ်နေဆဲပါဘဲ။ "ငါ" "I" ဆိုတဲ့ အက္ခရာအကြီးဟာ မာန်မာန "Pride" ဆိုတဲ့ အင်္ဂလိပ်စာလုံးရဲ့ အလယ်မှာရှိတာကို သင်တွေ့မြင်ရမယ်။ အဲ့ဒီအက္ခရာက အပြစ် "Sin"ရဲ့ ဗဟိုချက်မ ဖြစ်တယ်။

အပြစ်တရားက ထာဝရဘုရားနဲ့ လူသားများအကြား ဆက်သွယ်ရေးလမ်း ကြောင်းကို ပိတ်ဆို့ပါတယ်။ ဟေရှာယအနာ ဂတ္တိကျမ်း အခန်းကြီး (၅၉)၊ အခန်းငယ် (၁၊ ၂)ကို ဖတ်တဲ့အခါ အပြစ်တရားက မိုးတိမ်တစ်ခုလို ကျွန်ုပ်တို့ကို ထာဝရဘုရားရဲ့ မေတ္တာတော်နဲ့ ဝေးကွာအောင် ခွဲခြားလိုက်ပါတယ်။

အကျိုးသက်ရောက်မှုအနေနဲ့ ကျွန်ုပ်တို့ တစ်ဦးစီတိုင်းဟာ ထာဝရဘုရားရဲ့ နေရာမှာနေပြီးတော့ အုပ်စိုးသူအဖြစ် ဆုံးဖြတ်ချက်ချတတ်ကြတယ်။ အကျွန်ုပ်တို့က "ကိုယ်ကြမ္မာ ကိုယ်ဖန်တီးရှင်များ"လို့ ကိုယ်တိုင် ကြွေးကြော်ကြေညာကြတယ်။

ဒီလိုဆက်သွယ်မှုလမ်းကြောင်းကွာဟမှုရဲ့ရလဒ်က ကျွန်ုပ်တို့တွေ ထာဝရဘုရားရဲ့ သတင်းစကားတော်တွေကို နောက်ထပ်ပြည့်ဝစွာ နားမလည်နိုင်တော့ဘူး။ ကျွန်ုပ်တို့ဟာ ထာဝရဘုရားက ကမ္ဘာလောကကြီးအတွက် ဘယ်လိုရေးဆွဲလုပ်ဆောင်သလဲဆိုတာနဲ့ (သို့) ဘယ်လိုအကောင်းဆုံး စီးမံဆောင်ရွက်သလဲဆိုတာ မမြင်နိုင်တော့ပါ။

ကျွန်ုပ်တို့ဟာ တတ်နိုင်သမျှအကောင်းဆုံး ကြိုးစားလုပ်ဆောင်ကြတယ်။ ဒါပေမယ့် ထာဝရဘုရားရဲ့ အစီအမံကို နားမလည်တော့တဲ့ အကျွန်ုပ်တို့ရဲ့ ကိုယ်တိုင်ပါဝင်လုပ်ဆောင်နေမှုဟာ ကမ္ဘာလောကကြီးကို ပိုရှုပ်ထွေးမှု ဖြစ်စေခဲ့တယ်။

မည်သူတစ်ဦးတစ်ယောက်မှ ပြည့်စုံမှန်ကန်တဲ့ဘဝနဲ့ အသက်ရှင်ဖို့ မတတ်စွမ်းနိုင်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသေဆုံးချိန်ထိ ထာဝရဘုရားရဲ့ မိတ်ဆွေဖြစ်ခြင်းမှ ကင်းကွာခဲ့ပြီး၊ အသက်ရှင်ကြရတော့တယ်။ သေလွန်ပြီးနောက်မှာ ကျွန်ုပ်တို့ရဲ့ ဆန့်ကျင်ပုန်ကန်ခြင်း အပြုအမူတွေကို ရေတွက်သတ်မှတ်ပြီး၊ ထာဝရဘုရားရဲ့ ရှေ့တော်မှောက်မှာ စာရင်းရှင်းရမှာ ဖြစ်တယ်။

အဲဒါကို ဟေဗြဲသြဝါဒစာ အခန်းကြီး (၉)၊ အခန်းငယ် (၂၇)မှာ ဖတ်ကြည့်ပါ။

**ဟေရှာယ ၅၉း ၁-၂**

၁ ကြည့်ရှုလော့။ ထာဝရဘုရားသည်
မကယ်တင်နိုင်အောင် လက်တိုသည်မ
ဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်း
သည် မဟုတ်။
၂ သင်တို့ ဒုစရိုက်သည် သင်တို့ကို
ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်
မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်
နှာတော်ကို လွှဲစေပြီ။

**ဟေဗြဲ ၉း ၂၇**

၂၇ လူသည် တစ်ခါတည်းသာသေ၍
ထိုနောက်မှ တရားစီရင်တော်မူခြင်းကို
ခံရမည်။



## အပြစ်တရား/အပြစ်



# သုံး

ထာဝရဘုရားက သူဖန်ဆင်းသမျှအားလုံးကို မေတ္တာသက်တော်မူတယ်။

လူတွေဟာ သူတို့ရဲ့ ပုန်ကန်ဆန့်ကျင်တတ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်တဲ့ အဘောသဘာဝရှိခြင်းနဲ့ ပြည့်စုံဖြောင့်မှန်တဲ့ဘဝနဲ့ အသက်ရှင်နိုင်စွမ်း မရှိသော်လည်းပဲ ထာဝရဘုရားက သူတို့ကိုမေတ္တာထားနိုင်တာဟာ မယုံနိုင်လောက်အောင် အံ့ဩဖွယ်ရာ ကောင်းပါတယ်။

ထာဝရဘုရားသခင်က နောက်ဆုံးတရားစီရင်ခြင်းမှာ ကျွန်ုပ်တို့ကို ဒုက္ခမရောက်စေချင်ခဲ့တာဟာ ကျွန်ုပ်တို့ကို သိပ်ချစ်ခဲ့လို့ပါပဲ။ ထာဝရဘုရားသခင်အတွက် စိတ်အနှောင့်အယှက် ဖြစ်စေသောအရာက ကျွန်ုပ်တို့ရဲ့ အပြစ်တရားက သူ့ရဲ့မေတ္တာနဲ့ ကျွန်ုပ်တို့တွေ ကင်းကွာပြတ်တောက်သွားခြင်းကိုစွပဲ ဖြစ်ပါတယ်။ သူ့ရဲ့အကူအညီမပါပါက ကျွန်ုပ်တို့ဟာ ကြမ္မာဆိုးဖြစ်တဲ့ ထာဝရသေခြင်းကို ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုတာကို သူသိထားပါတယ်။

ဒါကြောင့် ထာဝရဘုရားသခင်က သူဖန်ဆင်းခဲ့တဲ့ ကမ္ဘာကြီးနဲ့ အရာခပ်သိမ်း မှားယွင်းမှုမဖြစ်ခင်ကတည်းက အစီအစဉ်တစ်ခုကို ပြင်ဆင်ထားခဲ့တယ်။

ထာဝရဘုရားသခင်ရဲ့အစီအစဉ်က  သူ့ဆီကိုပြန်လည်ခေါ်ဆောင်လာဖို့ရန် လူသားတစ်ဦးဖြစ်လာမယ့် ယေရှု (လူသားတဦးရဲ့ ကိုယ်ခန္ဓာထဲမှာ ထာဝရဘုရားသခင် ကျိန်းဝပ်သူ)ကို စေလွှတ်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း ၁၆)

ယေရှုလုပ်ဆောင်ခဲ့တဲ့ ဒီနည်းလမ်းက မှတ်သားအံ့ဩဖွယ်ဖြစ်ပြီး၊ အဲဒီအရာကို ရှင်ပေတရုဩဝါဒစာ ပထမစောင် (၂း ၂၄)မှာ ဖော်ပြထားပါတယ်။

ယေရှုအသေခံတဲ့အချိန်မှာ လူတစ်ဦးစီရဲ့ အပြစ်အားလုံးအတွက် တာဝန်ယူလက်ခံခဲ့တယ်ဆိုတာ သင်မြင်မှာပါ။ (လူသားထုတစ်ရပ်လုံး၏ အပြစ်များကို မိမိကိုယ်ခန္ဓာတော်၌ ခံယူခြင်း)၊ ယေရှုဟာ လောကမှာရှိတဲ့ လူတစ်ဦးချင်းစီရဲ့ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်အပြစ်များအားလုံးကို ယူတင်ဝတ်ဆောင်ခဲ့တယ်။ ကျွန်ုပ်တို့အပြစ်အားလုံးနဲ့ ဆန့်ကျင်ပုန်ကန်မှုအတွက် ထိုက်တန်တဲ့အပြစ်ဒဏ် ဒုက္ခဝေဒနာကို ကျွန်ုပ်တို့ကိုယ်စား ခံယူပေးဆပ်ခဲ့တယ်။ ဘုရားဖြစ်လို့ သူ့မှာသူကိုယ်တိုင်ရဲ့အပြစ်အတွက် ပေးဆပ်စရာ ဘာမှမရှိပါဘူး။ ဒါကြောင့် သူ့ရဲ့ သေခြင်းက ကျွန်ုပ်တို့အားလုံးခံထိုက်သော အပြစ်ဒဏ်အတွက် ပေးဆပ်နိုင်ခဲ့ပြီ ဖြစ်တယ်။

ယေရှုက ဒီနည်းလမ်းကိုရွေးချယ်ခဲ့တာ ကျွန်ုပ်တို့ကိုချစ်တဲ့အတွက်ကြောင့်ပါပဲ။

## ယောဟန်  ၃း ၁၆

၁၆ ဘုရားသခင်၏ သားတော်ကို ယုံကြည်
သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မ
ရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊
ဘုရားသခင်သည် မိမိ၌တစ်ပါးတည်း
သောသားတော်ကို စွန့်တော်မူသည့်တိုင်
အောင် လောကီသားတို့ကို ချစ်တော်မူ၏။

## ၁ပေ  ၂း ၂၄

၂၄ ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ
၌ အသေဖြစ်၍ ဖြောင့်မတ်ခြင်းအရာ၌
အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်
များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်
မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့
သည် အနာပျောက်လျက်ရှိကြ၏။



# လေး

ယေရှုဟာ သေခြင်းမှာပဲ အစဉ်ရှိနေခဲ့တာမဟုတ်ဘူးဆိုတာကို သင်သိကောင်းသိပါမယ်။ သေခြင်းကနေ ပြန်လည်ရှင်ပြန်ထမြောက်ခဲ့တယ် (ဆန့်ကျင်ပုန်ကန်မှုအတွက် ပေးဆပ်ခဲ့ပြီဖြစ်လို့ ထာဝရဘုရားသခင်ရဲ့ တရားမျှတမှုရှိခြင်းကို ကျေနပ်နှစ်သိမ့်စေခဲ့ပြီ ဖြစ်တယ်။)

ယေရှုက သေခြင်းမှရှင်ပြန်ထမြောက်လာတဲ့အခါ သူဟာ လက်ဝါးကားတိုင်အလွတ်ကို ချန်ထားခဲ့ပါတယ်။ ကမ္ဘာကြီးရဲ့အစမှာလိုပဲ ထာဝရဘုရားသခင် အမြဲရည်ရွယ်ခဲ့တဲ့အတိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ထာဝရဘုရားနှင့် လူသားများအကြား ဆက်သွယ်ရေးလမ်းကြောင်းသစ်တစ်ခု ပွင့်လာခဲ့တာ ဖြစ်တယ်။

လူတွေဟာ ထာဝရဘုရားရဲ့ ညွှန်ကြားချက်နှင့်အညီ သူနဲ့သဟဇာတဖြစ်အောင် နေသင့်တယ်ဆိုတဲ့အရာဟာ သူအမြဲထားခဲ့တဲ့ ရည်ရွယ်ချက်ပါ။ ဒါပေမယ့် အခုကောရိန္သုသြဝါဒစာ ဒုတိယစောင် အခန်းကြီး ၅၊ အခန်းငယ် ၁၅ကို ဖတ်ခဲ့ရသလို ယေရှုက သူ့ရဲ့အသက်တာကို ကျွန်ုပ်တို့အတွက် ပေးခဲ့ပြီးဖြစ်လို့ အဲဒီမှာ အထူးတာဝန်ဝတ္တရား တစ်ခုလည်း ရှိလာပါတယ်။

သို့သော် ကြားလည်း ယေရှုက ကျွန်ုပ်တို့အတွက် အသေခံလုပ်ဆောင်ပေးခဲ့တာတွေ ရှိနေစေကာမူ လူအများစုက သူတို့ရဲ့ကိုယ်ပိုင် သရဖူများကို မရမကဆောင်းနေကြတုန်းပါပဲ။ သူတို့တွေဟာ ယေရှုဘယ်တုန်းကမှ အသေမခံပေးခဲ့သလို သူတို့ရဲ့ဘဝကို စိတ်ကြိုက်စီမံကွပ်ကဲ အသက်ရှင်နေကြတယ်။

ထာဝရဘုရားကို ဆန့်ကျင်ဘက်ပြုပြီး ပုန်ကန်မှုပြုနေသေးသောသူတွေဟာ ထာဝရဘုရားသခင်နဲ့ မိတ်ဆွေဖြစ်နေခြင်း၊ ပျော်ရွှင်ကြည်နူးမှုအရသာကို ခုခံတားဆီးနေတာပဲဖြစ်တယ်။ သူတို့တွေဟာ မှန်တာကို ဘယ်လိုလုပ်ဆောင် ရမလဲဆိုတာကို မသိကြဘူး။ ဒါကြောင့် သူတို့တွေဟာ ထာဝရဘုရားသခင်ရဲ့ တရားစီရင်ခြင်းကို ရင်ဆိုင်ဖို့ ဥပဒေအရတာဝန်ရှိနေတုန်းပါပဲ။

ဒါပေမယ့် လူတိုင်းဟာ သူတို့ရဲ့လုပ်ရပ်များအတွက် ဖြေရှင်းမှုပြုရပါလိမ့်မယ်။ အထူးသဖြင့် တမန်တော်ဝတ္ထု အခန်းကြီး ၁၇၊ အခန်းငယ် ၃၀-၃၁ မှာ ပြောထားသလို အကယ်၍ ခွင့်လွှတ်ခြင်းကို ပေးထားပြီးနောက်မှာတောင် ဆက်ပြီး ဆန့်ကျင်ပုန်ကန်နေရင် တရားစီရင်ခံရမှာဖြစ်တယ်။

## ၂ ကော ၅း ၁၅

၁၅ လူအပေါင်းတို့သည် သေလျက်နေကြ
သည်ဟူ၍ငင်း၊ အသက်ရှင်သောသူတို့သည်
တစ်ဖန်ကိုယ်အလိုသို့ လိုက်၍မရှင်၊ သူတို့အ
တွက်ကြောင့် အသေခံပြီးမှ ရှင်ပြန်ထမြောက်
တော်မူသောသူ၏ အလိုသို့လိုက်၍ ရှင်စေ
မည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့်
အသေခံတော်မူသည်ဟူ၍ငင်း၊ ငါတို့သည်
သဘောထားလျက်၊ ခရစ်တော်၏ ချစ်ခြင်း
မေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်
သွေးဆောင်၏။

## တမန် ၁၇း ၃၀-၃၁

၃၀ ဘုရားသခင်သည် မိုက်မဲသောချိန်ကာလ
တို့ကို အမှုမထားဖူးသော်လည်း၊ ယခုမှာ ကိုယ်
အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု လူအ
ပေါင်းတို့အား ပညတ်တော်မူ၏။
၃၁ အကြောင်းမူကား၊ ခန့်ထားတော်မူသောသူ
အားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်း
တရားနှင့် ညီလျော်စွာ စစ်ကြောစီရင်မည့်နေ
ရက်ကိုချိန်းချက်တော်မူပြီ။ ထိုသူကို သေခြင်းမှ
ရှင်ပြန်ထမြောက်စေတော်မူသောအားဖြင့်
ခပ်သိမ်းသော လူတို့အား ယုံလောက်သော
သက်သေကို ပြတော်မူပြီဟု ဟောပြော၏။



# ငါး

ထာဝရဘုရားသခင်က လူတိုင်းကိုဘဝသစ်ကိုယ်စီ ရရှိပိုင်ဆိုင်စေလိုတယ်။ ယေရှုကားတိုင်ပေါ်မှာ အသေခံခြင်းကတဆင့် ထာဝရဘုရားသခင်က သူနဲ့ဆက်သွယ်ဖို့ နည်းလမ်းအသစ်တစ်ခုကို ကျွန်ုပ်တို့အတွက် ဖွင့်ထားပေးပြီးဖြစ်တယ်။ သေချာတာကတော့ လက်ဝါးကပ်တိုင်ခြေတော်ရင်းမှာ ကျွန်တော်တို့ဘဝထဲကို ယေရှုဝင်လာဖို့ တံခါးပေါက်ရှိနေပါတယ်။ အဲဒီအကြောင်းကို ဗျာဒိတ်ကျမ်း အခန်းကြီး ၃၊ အခန်းငယ် ၂၀ မှာ ဖတ်ရှုနိုင်ပါတယ်။

ယေရှုက ကျွန်ုပ်တို့နှလုံးသား အပြင်မှာရပ်နေပြီး ဝင်လာဖို့ တံခါးခေါက်နေတယ်။ တကယ်လို့ ကျွန်ုပ်တို့တံခါးဖွင့်လိုက်ရင် ကျွန်ုပ်တို့ဘဝထဲကို သူဝင်လာမယ်လို့ ကတိပေးထားပါတယ်။ ကျွန်ုပ်တို့ဟာ ထာဝရဘုရားသခင်ကိန်းဝပ်ရာ ဗိမာန်တော်ဖြစ်လာစေမှာ ဖြစ်တယ်။ ကျွန်ုပ်တို့နဲ့အတူ စားသောက်မှာဖြစ်တယ်။

ဒါဟာ ကြိုဆိုတဲ့စားသောက်ပွဲသာမကဘူး အလုပ်ကိစ္စတစ်ခုလဲ ဖြစ်တယ်။ ထာဝရဘုရားသခင်က ကျွန်ုပ်တို့အပြစ်အားလုံးကိုခွင့်လွှတ်ဖို့ ကတိတော်ရှိပါတယ်။ (ယေရှုနဲ့ စွန့်လွှတ်အနစ်နာခံမှုဟာ ကျွန်ုပ်တို့ပေးဆပ်ရမည့် အပြစ်ကြွေးတွေအတွက် လုံလောက်တဲ့ပေးဆပ်မှုဖြစ်တယ်။) ကျွန်ုပ်တို့ဘဝကို ပြန်လည်တည်ဆောက်ဖို့တာဝန်ကို ယေရှုက ကိုယ်တိုင်ကိုယ်ကျ လက်ခံခဲ့တာဖြစ်တယ်။ ဒါဟာ ထာဝရဘုရားသခင် ညွှန်ပြလုပ်ဆောင်စေတာဖြစ်သလို အဲဒီလုပ်ငန်းက စီမံခန့်ခွဲမှုသစ်အောက်မှာ တည်ရှိနေပါတယ်။

ရှင်ယောဟန် အခန်းကြီး ၁၊ အခန်းငယ် ၁၂ မှာ ယေရှုပြောထားတဲ့အတိုင်း အမှတ်လက္ခဏာကတော့ “ဘုရားသခင်နှင့် သားများ” ပဲဖြစ်တယ်။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူတစ်ဦးရဲ့ဘဝထဲကို ယေရှုဝင်လာတဲ့အခါ ယေရှုကစက်ရုပ်ကိုထိန်းချုပ်သလို ကျွန်ုပ်တို့ကို ထိန်းချုပ်မှာမဟုတ်ပဲ ထာဝရခမည်းတော် ဘုရားသခင်ရဲ့ အလုပ်မှာ ရင့်ကျက်ပြီးအဆင့်မြင့်တဲ့ လက်တွဲဖော်အဖြစ် ဦးဆောင်ပေးမှာဖြစ်တယ်။ အဘောကတော့ ကျွန်ုပ်တို့ကို ထာဝရဘုရားသခင်ရဲ့ နုနယ်သောလက်တွဲဖော်များ ဖြစ်လာစေခြင်းပါပဲ။

ထာဝရဘုရားသခင်က ကျွန်ုပ်တို့ဘဝရဲ့ နေ့စဉ်လုပ်ဆောင်စရာ တာဝန်များကို လုပ်ဆောင်စေမယ့် သူ့ရဲ့တန်ခိုး သူ့ရဲ့နည်းလမ်းတွေနဲ့ ကူညီမစပေးနေပါတယ်။

ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး ၂၈၊ အခန်းငယ် ၂၀ မှာ ပြောထားသလို ယေရှုဟာ ကျွန်ုပ်တို့နဲ့အတူ အစဉ်မပြတ်ရှိနေဖို့ ကတိပေးထားခဲ့ပါတယ်။

**ဗျာဒိတ်ကျမ်း ၃း ၂၀**
၂၀ ငါသည် တံခါးရှေ့မှာ ရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။

**ယောဟန် ၁း ၁၂**
၁၂ ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။

**မဿဲ ၂၈း ၂၀**
၂၀ ငါသည် သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။



# ခြောက်

သင့်ကိုသင် စိတ်ချသေချာရန် ပြန်လည်စစ်ဆေးခြင်းလုပ်နေပြီပေါ့။

ဒီစာစောင်ရဲ့ပထမတစ်ဝက်မှာ ထာဝရဘုရားသခင်ရဲ့ သတင်းကောင်း ဖြစ်စဉ်ကို မြင်တွေ့ရပါတယ်။ ဒါပေမယ့် လူအများက ဒီဖြစ်စဉ်ထဲက ဘယ်အပိုင်းမှာ ရှိနေသလဲဆိုပြီး သူတို့ကိုယ်သူတို့ ဆန်းစစ်လိုကြမှာ ဖြစ်တယ်။ အဲဒီလိုလုပ်ချင်တယ်ဆိုရင် သင့်ကို အကူအညီပေးမယ့် ရိုးရှင်းတဲ့စစ်ဆေးမှု အချက်အလက်စာရင်း ဒီမှာရှိပါတယ်။

ရှေ့ဆက်လာမယ့် စာမျက်နှာတွေက တစ်ဆင့်ပြီးတစ်ဆင့် စဉ်းစား လုပ်ဆောင်ရန် သင့်ကိုကူညီပေးပါလိမ့်မယ်။

လက်ခံပါ

ယုံကြည်ပါ

စဉ်းစားဆင်ခြင်ပါ

နောင်တရပါ

လက်ခံရယူပါ

# လက်ခံပါ

## လက်ခံပါ – ပုံ (၁)၊ (၂)

ပုံ–၁

သင်ဒါကိုလက်ခံသလား။

- ထာဝရဘုရားသခင်သည် အုပ်စိုးသူဖြစ်သည်။
- ထာဝရဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းသော တစ်ပါးတည်းသော အရှင်ဖြစ်သည်။
- ထာဝရဘုရားသခင်သည် ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရန် လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းခဲ့သည်။
- ထာဝရဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့ အချိန်တွင် ရှင်းလင်းသော ဆက်သွယ်မှုလမ်းကြောင်း ရှိခဲ့သည်။

ပုံ –

သင်ဒါကိုလက်ခံသလား။

- ထာဝရဘုရားသခင်သည် စည်းမျဉ်းစည်းကမ်း သတ်မှတ်ပိုင်ခွင့်ရှိသည်။
- အတ္တနှင့်အပြစ် တည်ရှိသည်။
- အပြစ်တရားသည် ထာဝရဘုရားသခင်နှင့် မိတ်ဆွေဖြစ်ခြင်းကို ရပ်တန့်စေသည်။
- အပြစ်ဆိုသည်မှာ ထာဝရဘုရားသခင်၏ အခွင့်တန်းခိုးအာဏာကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။
- လူသည်မိမိဘဝကို မိမိကိုယ်တိုင် စီမံအသက်ရှင်လိုကြသည်။
- ဆန့်ကျင်ပုန်ကန်မှုအတွက် ပြစ်မှုပြစ်ဒဏ်မြောက်သည် ဟုခေါ် ဆိုခြင်းမှာ တရားမျှတမှုရှိပါသည်။
- ထာဝရဘုရားသခင်သည် ဆန့်ကျင်ပုန်ကန်သူများကို တရားစီရင်တော်မူလိမ့်မည်။



# လက်ခံပါ

ယုံကြည်ပါ

စဉ်းစားဆင်ခြင်ပါ

နောင်တရပါ

လက်ခံရယူပါ






# ယုံကြည်ပါ

## ယုံကြည်ပါ – ပုံ (၃)၊ (၄)

ပုံ-၃
သင်ဒါကိုယုံလား။

- ထာဝရဘုရားသခင်သည် သူဖန်ဆင်းထားသမျှကို ချစ်တော်မူသည်။
- ထာဝရဘုရာသခင်သည် လူသားများ၏ ဆန့်ကျင့်ပုန်ကန်မှုနှင့် ၎င်း၏အကျိုးဆက်များမှ လူသားများကို ကယ်တင်လိုသည်။
- ခရစ်တော်ယေရှုသည် ထာဝရဘုရားသခင်ဖြစ်သည်။
- ယေရှုသည် လောကတွင် အသက်ရှင်ခဲ့သည်။
- ယေရှုသည် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။
- ယေရှုသည် လူတိုင်းခံရမယ့်အပြစ်ကြွေးများကို ပေးဆပ်ဖို့ အသေခံခဲ့သည်။

ပုံ-၄
သင်ဒါကိုယုံလား။

- ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည်။
- ထာဝရဘုရားသခင်နှင့် စစ်မှန်သော မိတ်သဟာယဖွဲ့နိုင်ရန် ဖြစ်နိုင်ပါသည်။
- ထာဝရဘုရားသခင်သည် လူသားများကိုယ့်အတွက်ကိုယ် အသက်မရှင်ဘဲ သူ့အတွက်အသက်ရှင်ဖို့ အလိုတော်ရှိပါသည်။
- ယေရှုလုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်းပဲ လူအများစုသည် သူတို့၏ဘဝကို သူတို့စီမံလိုကြဆဲပင်ဖြစ်သည်။
- ထာဝရဘုရားသခင်သည် လူတိုင်းနောင်တရပြီး သူ့အတွက် အသက်ရှင်စေလိုသည်။

# လက်ခံပါ
# ယုံကြည်ပါ
# စဉ်းစားဆင်ခြင်ပါ
# နောင်တရပါ
# လက်ခံရယူပါ






# စဉ်းစားဆင်ခြင်ပါ

## စဉ်းစားဆင်ခြင်ပါ – သင့်ရဲ့သရဖူကို ဖယ်ရှားလိုက်ပါ။

သင့်ရဲ့သရဖူကို ချွတ်လိုက်တဲ့အခိုက်မှာ သင်စဉ်းစားဆင်ခြင်မိပြီလား။

- ထာဝရဘုရားသခင် အုပ်စိုးသူဖြစ်တာကို လက်ခံခြင်း။
- ယခင်က ပုန်ကန်ဆန့်ကျင်မှုကို ဝန်ခံခြင်း။
- ထာဝရဘုရားသခင်၏ အခွင့်အာဏာကို ကြိုဆိုခြင်း။
- ထာဝရဘုရားသခင်ပြောသည့် နည်းလမ်းဖြင့် အသက်ရှင်ဖို့ရန် ရွေးချယ်ခြင်း။
- အပြစ်တရားထဲ၌ ဆက်လက်မနစ်မွန်းဖို့ရန် ရွေးချယ်ခြင်း။

သဘောတူပါက ကွက်လပ်တွင် အမှန်ခြစ်ပါ ☐

# လက်ခံပါ

# ယုံကြည်ပါ

# စဉ်းစားဆင်ခြင်ပါ

## နောင်တရပါ

## လက်ခံရယူပါ

# ပြုလုပ်ပါ

## နောင်တရပါ
## လက်ခံရယူပါ

ပုံ-၅

သင်

- ယေရှုက သင့်နှလုံးသားတံခါး ခေါက်နေတာကို ကြားပြီလား။
- ယေရှုအတွက် တံခါးကိုဖွင့်ထားပြီလား။
- ယေရှုကို သင့်ဘဝထဲ လက်ခံလိုက်ပြီလား။
- ယေရှုသင့်ဘဝကို သန့်ရှင်းပေးဖို့ ခွင့်ပြုလိုက်ပြီလား။
- ဘဝသစ်မှာ အသက်ရှင်ဖို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ စတင်ပြီလား။

ပုံပါအချက်အလက်တွေ အားလုံးကိုစစ်ဆေးမှုပြုပြီး တစ်ခုစီကို သဘောတူတယ်ဆိုရင် သင်ဟာယေရှုကို သင့်ရဲ့ အရှင်သခင်၊ ကယ်တင်ရှင်နဲ့ သင့်ရဲ့မိတ်ဆွေအအဖြစ် သိထားပြီးဖြစ်နေပါပြီ။

ယေရှုကို ကြိုဆိုလက်ခံမှု မရှိသေးဘူးဆိုရင် နောက်စာမျက်နှာကို လှန်လိုက်ပါ။

သဘောတူပါက ကွက်လပ်တွင် အမှန်ခြစ်ပါ ☐

# လက်ခံပါ
# ယုံကြည်ပါ
# စဉ်းစားဆင်ခြင်ပါ
# နောင်တရပါ
# လက်ခံရယူပါ



# ဆုံးဖြတ်ချက် – လုပ်ဆောင်ရန် ဆုံးဖြတ်ချက်

သင့်စိတ်နှလုံးတံခါးကို ယေရှုက ခေါက်နေတယ်။ သင်ကလည်း သင့်သရဖူကို ဖယ်ရှားပြီး အဲဒီသခင်ကို အသက်တာမှာ ဝင်ရောက်စေချင်တယ်လို့ ခံစားမိနေပြီဆိုရင် "အခု" လက်ရှိအချိန်က အဲဒီသခင်ကို အသက်တာထဲ ခေါ်ဖိတ်လိုက်ဖို့ အကောင်းဆုံးအချိန် ဖြစ်တယ်။

ဒီဆုတောင်းချက်က သင့်ဘဝထဲကို ယေရှုရောက်လာဖို့ အထောက်အကူပြုတဲ့ ဆုတောင်းချက် ဖြစ်နိုင်ပါတယ်။

အို..အဖထာဝရဘုရားသခင်

ကိုယ်တော်ဟာ ထာဝရဘုရားသခင်ဖြစ်ပြီး ကိုယ်တော်ရဲ့ဖန်ဆင်းခြင်းဟာ ပြည့်စုံလို့ ကျေးဇူးတင်ပါ၏။

ကျွန်ုပ်အပေါ်မှာရှိတဲ့ ကိုယ်တော်ရဲ့တန်ခိုးတော်ကို ဆန့်ကျင်ပြီး ပုန်ကန်မှုသရဖူကိုဆောင်းခဲ့ခြင်း အပြစ်များအတွက် တောင်းပန်ပါ၏။ ကျွန်ုပ်အား တရားစီရင်ခြင်းကို လက်ခံပါ၏။

ကျွန်ုပ်၏အပြစ်အတွက် အပြစ်ဒဏ်ပေးဆပ်ခံယူဖို့ရန်နှင့် ကျွန်ုပ်ကိုယ်စား တရားစီရင်ခြင်းခံခဲ့ရသော ယေရှုကို စေလွှတ်တော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

ယေရှုသည် ယနေ့အသက်ရှင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်အား နောင်တရဖို့ မိန့်မှာချက်ကို ကြားပါ၏။ အရှင်ယေရှု ကျွန်ုပ်၏ အပြစ်များအားလုံးကို ခွင့်လွှတ်တော်မူပါ။ ကျေးဇူးပြုလျက် ကျွန်ုပ်ဘဝထဲ ဝင်လာတော်မူပါ။ ကျေးဇူးပြုပြီး ကျွန်ုပ်ကိုကိုယ်တော်၏ ဝိညာဉ်တော်နှင့် ပြည့်ဝစေတော်မူလျက် ကိုယ်တော်ပေးသောဘဝသစ်တွင် မည်သို့အသက်ရှင်ရမည်အကြောင်း သွန်သင်တော်မူပါ။ ကျွန်ုပ်ဘဝထဲကို ကိုယ်တော်ဝင်ရောက်လာလို့ ကျေးဇူးတင်ပါ၏။ အာမင်။

သင့်အပြစ်တွေအတွက် နောင်တရပြီး ယေရှုကိုသင့်အသက်တာထဲကို ခေါ်ဖိတ်လိုက်ပြီဆိုရင် အဲဒီ **သခင်က သင့်အသက်တာထဲမှာ ရောက်ရှိကိန်းအောင်း** နေပြီ ဆိုတာ **ကတိတော်** ဖြစ်တယ်။

နောက်ဆုံးတစ်ခု – သင်ဟာ ထာဝရဘုရားသခင်ရဲ့ မိသားစုဝင် ဖြစ်သွားပြီဆိုတာကို အခြားသောခရစ်ယာန်တွေကို ပြောပြလိုက်ပါ။

အသေးစိတ်သိချင်ရင် အောက်ပါအီးမေးလ်ကို ဆက်သွယ်မေးမြန်းလို့ ရပါတယ်။

info@crosscheck.org.uk

You can watch the
CrossCheck video in English at:
www.crosscheck.org.uk




Word@Work

အခမဲ့၊ ပြိုင်ဘက်ကင်း၊ ရှင်းလင်းရန်
ရည်ရွယ်သော ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ
အီးမေးလ် (Email)

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်မှ
ဖတ်ရှုလေ့လာကြ။

သင့်ရဲ့ နေ့စ္စဓူဝ လုပ်ငန်းတွင်
သမ္မာကျမ်းစာမှ
လှုံ့ဆော်သွန်သင်ပါစေသော်။

wordatwork.org.uk

BeaconLight
biblical truth to share

- သမ္မာကျမ်းစာကို နားလည်သဘောပေါက်ဖို့ သင်ယူပါ
- သမ္မာကျမ်းစာကို လက်တွေ့အသုံးချဖို့ သင်ယူပါ
- သမ္မာကျမ်းစာအတိုင်း နေ့စဉ်အသက်တာမှာ အသက်ရှင်ဖို့ သင်ယူပါ
- သူတပါးကို ကူညီတတ်ဖို့ သင်ယူပါ

beaconlight.co.uk













လက်ခံပါ
ယုံကြည်ပါ
စဉ်းစားဆင်ခြင်ပါ
နောင်တရပါ
လက်ခံရယူပါ

mmr-21v1

© 2021 Paul Adams

BeaconLight

ISBN 978-1-906526-26-9